# နယ်သိမ်းခဉ် ရက်ကွက်ထဲ သံဃာ မရှိရ

အရှင်ကေလာသ
ဇန်နဝါရီ ၁၁၊ ၂၀၁၆။

---

အရှင်ဘုရား၊
ရှိသေစွာ တောင်းပန် လျှောက်ထားအပ်ပါသည် ဘုရား။ သိမ် သမုတ်နေစဉ် သိမ်သမုတ်နေသည့် ကျေးရွာ ရပ်ကွက် အတွင်း သို့ အခြားကျေးရွာ ရပ်ကွက်အတွင်းမှ သံဃာများ အဘယ် အတွက်ကြောင့် ဖြတ်သန်း ဝင်ရောက်လို့ မရတာပါလဲ ဘုရား။ ထိုစည်းကမ်း သတ်မှတ်ချက်သည် ဘုရားရှင်က ချမှတ်ပေး ထားခဲ့သော စည်းကမ်း ဖြစ်ပါသလား ဘုရား။ အခါအခွင့်သင့်၍ အချိန်ရပါက မိန့်ကြားပေးပါရန် ရှိသေစွာ တောင်းပန် လျှောက် ထားအပ်ပါသည် အရှင်ဘုရား။

သန်းထွန်း

---

**စည်းကမ်း**

သံဃာ့ကံ ဆောင်တဲ့အခါ (သိမ်သမုတ်ခြင်း၊ ရဟန်းခံခြင်း စ သည် လုပ်တဲ့အခါ) သိမ်နယ်နိမိတ် အတွင်းမှာ ရှိနေတဲ့ သံဃာအားလုံး သိမ်သမုတ်တဲ့ နေရာကို သွားပြီး တစ်ပါးနဲ့ တစ်ပါး နှစ်တောင်နဲ့ တစ်ထွာ အတွင်း မှာ ရှိနေရတယ်။ ဒါမှ အဲဒီသံဃာ့ကံ အောင်မြင်တယ်။ နှစ်တောင့်ထွာ အတွင်း မစပ်မိရင် ဝိနည်းသုံး စကား နဲ့ ဝဂ်ဖြစ်လို့ (တစ်နည်းပြောရင် တစ်စုစီ ကွဲနေလို့) ညီညွတ်မှု ပျက်ပြားသလို ဖြစ်တဲ့အတွက် မအောင်မြင် ဘူး။ အဲဒါက ဘုရားရှင် ချမှတ်တဲ့ စည်းကမ်းပဲ။

**ဝဂ်မဖြစ်အောင်**

'ကျေးရွာ ရပ်ကွက်'ဆိုတာ အဗဒ္ဓသိမ် (အလိုလို ဖြစ်ပြီးသား သိမ်) ဖြစ်နေတဲ့အတွက် အဲဒီ သိမ်ထဲမှာ နေရာ သတ်မှတ်ပြီး 'ဝိသုံဂါမသိမ်' သမုတ်တဲ့အခါ သိမ်ဖြစ်နေတဲ့ အဲဒီ ကျေးရွာ သို့မဟုတ် ရပ်ကွက် ပိုင်နက် အတွင်း ရှိပြီးသား သံဃာအားလုံး သိမ်သမုတ်တဲ့ နေရာရှိ သံဃာတွေရဲ့ နှစ်တောင့်ထွာ အတွင်းကို လာရ တယ်။ မလာနိုင်ရင် သိမ်သမုတ်ခြင်း ကိစ္စကို သဘောတူကြောင်း ဆန္ဒပေးရတယ်။ လူလည်း မလာ၊ ဆန္ဒ လည်း မပေးရင် 'ဝဂ်ဖြစ်'လို့ သိမ်သမုတ်ခြင်းကိစ္စ ပျက်တယ်။

ဒါကြောင့် သိမ်သမုတ်တဲ့ ကမ္မဝါစာ (ပုံစံကျပြန်တမ်း)ကို ဖတ်နေဆဲမှာ အဲဒီ နယ်နိမိတ် အတွင်းကို မသိ လို့ ဖြစ်စေ သိလျက်နဲ့ နားမလည်လို့ ဖြစ်စေ နားလည်ပေမယ့် အဲဒီကံကို ပျက်စေချင်လို့ ဖြစ်စေ ရောက် လာတဲ့ သံဃာကိုတော့ ကမ္မဝါစာ ဖတ်ပြီးတဲ့အထိ အဲဒီ ရပ်ကွက် ကျေးရွာ နယ်နိမိတ် အတွင်းသို့ မဝင်မိ စေရန် စောင့်ဆိုင်း ခိုင်းထားရတယ်။

**အဖြေ**

'ဖြတ်သန်း ဝင်ရောက်လို့ မရ'တဲ့ အကြောင်းက 'ဝဂ်မဖြစ်' အောင်လို့ (နားလည်အောင် ပြောရင် တစ်စုစီ မကွဲအောင်လို့။) 'ဝဂ်'ဖြစ်တာဟာ နှစ်တောင်ထွာ အတွင်းကို မရောက်လို့။ နှစ်တောင်ထွာ အတွင်းကို ရောက်ရမယ် ဆိုတာက ဘုရားရှင်ရဲ့ ချမှတ်ချက်လို့ နားလည်လိုက်ရင် ရှင်းပါလိမ့်မယ်။ ▫